## စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါစီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့်ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် (၆)လတာ ကာလ အတွက် ကုမ္ပဏီ၏ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူတွဲ၍ ဖတ်ရှု နိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါ သည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ လေ့လာသုံးသပ်ထားပြီး ဖြစ်ပါသည်။

### မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုး ဒင်း ပတ်ဘလစ်လီမိတက် (“MTSH”)

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ်လီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီ တစ်ခုဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်းပတ်ဘလစ်လီမိတက်သည် လက်ရှိကာလတွင် သီလဝါပရောပါတီး ဒီဗလော့မန့်လီမိတက်နှင့် မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မန့်လီမိတက်တို့တွင် ရင်းနှီးမြှုပ်နှံထားရှိသည့်အပြင် အလားအလာရှိသော အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံရန် အကြိုလေ့လာဆန်းစစ်မှုများအား ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်းပတ်ဘလစ် လီမိတက်အနေဖြင့်၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအရ စီမံအုပ်ချုပ်မှုအတွက်ရငွေ၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်ရငွေများနှင့် အရောင်းကော်မရှင် အပါအဝင် အသားတင်အမြတ်ငွေ ကျပ် (၉.၈) ဘီလီယံရရှိခဲ့ရာယခင်နှစ် ၂၀၁၇ က အလားတူ ကာလထက် (၅၈%) တိုးမြှင့်ရရှိပါသည်။

### သီလဝါ ပရောပါတီး ဒီဗလော့မန့် လီမိတက် (“TPD”)

သီလဝါ ပရောပါးတီး ဒီဗလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေး ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှားရမ်းခြင်းလုပ်ငန်းများ လုပ် ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”) နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ

ကုမ္ပဏီ (“TSMCC”) မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ်လီမိတက်မှ (၈၀) ရာခိုင်နှုန်းအသီးသီးပိုင်ဆိုင်ကြပါသည်။

သီလဝါ ပရောပါးတီး ဒီဗလော့မန့် လီမိတက် (TPD)သည် အိမ်ခြံမြေကဏ္ဍတွင် တိုးတက်မှုနှုန်း နှေးကွေးနေသည့် တိုင်အောင် နှစ်ဝက်ဘဏ္ဍာရေး ရှင်းတမ်းအရ အသားတင်အမြတ်ငွေကျပ် (၁.၂) ဘီလီယံရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းသည် (TPD) ၏ စီမံအုပ်ချုပ်သူများ၏ အားကြိုးမာန်တက်ဆောင်ရွက်မှုများကြောင့်ဖြစ်သည်ကို သက်သေပြနေပါသည်။ သီလဝါအထူး စီးပွားရေးဇုန်ဧရိယာအတွင်းတွင် အခြေခံအဆောက်အအုံများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်တည်ဆောက်ခွင့် အခွင့်အလမ်းများရရှိခြင်းဖြင့် ဇုန်ဘီတွင်ဆောင်ရွက်လျက်ရှိရာ ဝင်ငွေများပိုမိုတိုးတက်ရရှိနိုင်စေမည်ဖြစ်ပါသည်။

**မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက် (“MJTD”)**

မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်းဧရိယာဖွံ့ဖြိုးရေး ၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဧရိယာလည်ပတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အတွက်တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်းပတ်ဘလစ်လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်၏ မတည်ငွေရင်း၏ (၄၁) ရာခိုင်နှုန်းကို ပိုင်ဆိုင်ပါသည်။ မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ်လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်သို့ ကိုယ်စားပြုဒါရိုက်တာ (၄)ဦးအား ဂျပန်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် တာဝန်ပေးအပ်ထားပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင်ကုန်ဆုံးသည့်  ကုမ္ပဏီ၏ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအရ မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်သည် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ (၈.၄) သန်း ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ရာခိုင်နှုန်းအားဖြင့် (၉၅) ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ခြင်းသည် သီလဝါအထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံ ပြည့်စုံကောင်းမွန်မှု နှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်မှုမြေယာများအပေါ်၌ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိကြောင်းကို ပြနေသည့် လက္ခဏာရပ်များ ဖြစ်ပါသည်။

**နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ်**

| | ပြောင်းလဲသော ရာခိုင်နှုန်း | ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် (ကျပ်သန်းပေါင်း) | ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ဝင်ငွေ | (၁၁%) | ၄,၆၁၈ | ၆,၆၆၈ |
| ဝင်ငွေအပေါ်မူရင်းကုန်ကျစရိတ် | (၃၆%) | (၁,၈၀၂) | (၂,၈၃၅) |
| အကြမ်းအမြတ် | (၂၇%) | ၂,၈၁၆ | ၃,၈၃၃ |
| အသုံးစရိတ် | ၃၉% | (၁,၇၃၈) | (၁,၂၅၀) |
| တွဲဖက်လုပ်ငန်းများမှရသည့်အမြတ်ငွေ | ၁၂၆% | ၅,၃၅၂ | ၂,၃၇၃ |
| လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ | ၃၀% | ၆,၄၂၉ | ၄,၉၅၆ |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ၁၉၅% | ၄,၁၉၉ | ၁,၄၂၃ |
| အခွန်လျာထားခြင်းမပြုမီစုစုပေါင်းအမြတ် | ၆၇% | ၁၀,၆၂၈ | ၆,၃၇၉ |
| ဝင်ငွေခွန် | ၃၃၀% | (၈၃၁) | (၁၉၃) |
| အသားတင်အမြတ် | ၅၈% | ၉,၇၉၇ | ၆,၁၈၆ |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ၆% | ၆၁% | ၅၇% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စု၏တန်ဘိုး(ကျပ်) | ၇၁% | ၂၆၅ | ၁၄၃ |

အထက်ပါ ဇယားသည် သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်နှင့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက် တို့အပါအဝင် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် လီမိတက်ကုမ္ပဏီအုပ်စု၏ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်ဖြစ်ပါသည်။ ၂၀၁၇ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀၁၈ခုနှစ်ဝက်၏ ရလဒ်များသည် သီလဝါအထူးစီးပွားရေးဇုန်၏ စီးပွားရေးအခြေအနေကောင်းမွန်မှုကို ပြသလျက်ရှိပါသည်။

အဓိကအမြတ်ငွေမှာဖက်စပ်လုပ်ငန်းဖြစ်သည့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်မှ ကျပ် (၅.၃)ဘီလီယံရရှိခဲ့ပြီး၊ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ခြင်းမရှိသည့် အခြားနည်းလမ်းအားဖြင့် ရရှိငွေသည် ကျပ် (၄.၂) ဘီလီယံ ဖြစ်ပါသည်။ ယခု (၆)လတာ ကာလအတွင်း နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားများ အပြောင်းအလဲအတက်အကျ ဖြစ်ပေါ်မှုများအရ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာနှင့် ၂၀၁၈ခုနှစ်၊ စက်တင်ဘာ(၃၀)ရက်နေ့၌ လက်ဝယ်တွင်ရှိသော စုဆောင်းထားငွေ အမေရိကန် ဒေါ်လာတန်ဘိုးသည် ကျပ်ငွေအသွင်အားဖြင့် တိုးမြင့်လာမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ဤသို့အပေါင်းလက္ခဏာဆောင်သော အချက်အလက်များကြောင့် ရှယ်ယာတစ်စု၏ တန်ဖိုးသည် (၇၁) ရာခိုင်နှုန်း တိုးတက်ခဲ့ရာ၂၀၁၈ခုနှစ်၊ စက်တင်ဘာ(၃)ရက်နေ့ရှိကုမ္ပဏီ၏ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအရ ရှယ်ယာတစ်စု၏ တန်ဘိုးသည် ယခင်နှစ် အလားတူကာလတွင် ကျပ် (၁၄၃) ဖြစ်သော်လည်း ယခု ကျပ် (၂၄၅)အထိ တန်ဘိုးတိုးတက်မှု ရှိပါသည်။

လေ့လာဆန်းစစ်ချက်များအရ ယခင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တစ်နှစ်လုံးတွင် အစုရှယ်ယာတစ်စုတန်ဖိုးသည် ကုမ္ပဏီအုပ်စုတွင် ကျပ် (၃၁၂)၊ မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်းပတ်ဘလစ် လီမိတက်အနေဖြင့် ကျပ် (၂၃၈) ဖြစ်ပြီး၊ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဝက်တွင် အစုရှယ်ယာတစ်စုတန်ဖိုးသည် ကုမ္ပဏီအုပ်စုတွင် ကျပ် (၂၄၅) နှင့် မြန်မာသီလဝါ အက်(စ်) အီး ဇက်ဟိုးဒင်းပတ်ဘလစ် လီမိတက်အနေဖြင့် ကျပ် (၂၂၁)တို့ဖြစ်ပါသည်။

**ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

**ကျပ်သန်းပေါင်း**

| | **ပြောင်းလဲသော ရာခိုင်နှုန်း** | **၂၀၁၈ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်** | **၂၀၁၈ခုနှစ်၊ မတ်လ (၃၁)ရက်** |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ၃% | ၆၈,၈၆၉ | ၆၆,၆၉၉ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၂၈% | ၃၂,၇၇၀ | ၂၅,၆၂၅ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၁၀%** | **၁၀၁,၆၃၉** | **၉၂,၃၂၄** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ၂၁၀% | ၁၂,၇၄၄ | ၄,၁၁၂ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | (၆%) | ၂,၃၄၉ | ၂,၅၀၉ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၁၂၈%** | **၁၅,၀၉၃** | **၆,၆၂၂** |
| **အသားတင်ရပိုင်ခွင့်များ** | **၁%** | **၈၆,၅၄၅** | **၈၅,၇၀၂** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ၂% | ၃၉,၈၃၃ | ၃၉,၂၃၀ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ၃% | ၇,၇၈၃ | ၇,၅၄၃ |
| **စုပေါင်းရင်းနှီးငွေ** | **၁%** | **၈၆,၅၄၅** | **၈၅,၇၀၂** |

လက်ငင်းရပိုင်ခွင့် (၃) ရာခိုင်နှုန်းတိုးတက်လာခဲ့ခြင်းမှာ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင်ကုန်ဆုံးသည့် နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအရ အမေရိကန်ဒေါ်လာဖြင့်ဖော်ပြထားသော လက်ဝယ်ရှိငွေအား တန်ဖိုးသင့်ရာတွင် မြန်မာ

ကျပ်ငွေ - အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်မှုနှုန်း မြင့်မားမှုကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့် (၂၈) ရာခိုင်နှုန်း တိုးမြင့်လာမှုသည် အဓိကအားဖြင့် တွဲဘက်လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံသည့် ပမာဏမြင့်တက်လာမှုနှင့် တွဲဘက်လုပ်ငန်း၏ ခွဲဝေမှုမပြုရသေးသော အမြတ်ငွေပမာဏများ ဖြစ်ပါသည်။

ယခု (၆)လတာ ကာလအတွက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ လက်ကျန်ရှင်းတမ်းတွင် လက်ငင်းပေးရန် တာဝန်၌ (၂၁၀)ရာခိုင်နှုန်းမျှ မြင့်တက်လာခြင်းမှာ အစုပေါ် အမြတ်ခွဲဝေပေးရန်ငွေပမာဏကို ပေးရန်ရှိစာရင်း တင်သွင်းထားခြင်း အတွက်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ မတ်လ ကုန်ဆုံးသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လက်ကျန်ရှင်းတမ်းတွင် အစုပေါ် အမြတ်ငွေကို အစုရှင်များမှ အတည်မပြုရသေးသည့်အတွက် နိုင်ငံတကာစာရင်းစံများနှင့်အညီ ပေးရန်ရှိစာရင်း တင်သွင်းမှုပြု၍ မရသောကြောင့်ဖြစ်ပါသည်။ ယခုနိုင်ငံတကာ စာရင်းစံအမှတ် (၁၀)အရ အစီရင်ခံပြီး ကာလ နောက်ပိုင်း ဖြစ်ပေါ်ချက်အစုပေါ် အမြတ်ငွေခွဲဝေမှုကို အစုရှင်များက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် အတည်ပြုခဲ့ပါသဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသည့် (၆)လတာကာလတွင် ပေးရန်ရှိစာရင်း တင်သွင်းမှုပြု၍ မြင့်တက်ရခြင်းဖြစ်ပါသည်။ အစုပေါ်အမြတ်ငွေများကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့မှ စတင်၍ ထုတ်ပေးမှုပြုပါသည်။

လက်ငင်းမဟုတ်သော ပေးရန်တာဝန် (၆) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းသည် ဝယ်သူများ၏ ကြိုတင်ပေးသွင်းငွေများကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းတွင် ဝင်ငွေအဖြစ် အသိအမှတ်ပြုမှုကြောင့် ဖြစ်ပါသည်။ဝယ်သူများထံမှ ကြိုတင်ရငွေကို စာချုပ်ချုပ်ဆိုခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ပြီးပြည့်စုံမှသာ ဝင်ငွေအဖြစ်သတ်မှတ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမြတ်လက်ကျန်ငွေသည် အဆိုပြုထားသည့် အမြတ်ဝေစုပမာဏ ကျပ် (၀.၆) ဘီလီယံ ခွဲဝေပြီးသည့်တိုင်အောင် (၂) ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းမှာ အဓိကအားဖြင့် သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်၏ စုဆောင်းပြီး အမြတ်လက်ကျန် တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**အနာဂတ်အလားအလာ**

မြန်မာ-ဂျပန်သီလဝါ ပရောပါးတီး ဒီဗလော့မန့်အနေဖြင့် နှစ်ရှည်မြေငှားရမ်းခြင်းမှ ဝင်ငွေတိုးတက်လာမှုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၆)လတာ ကာလတွင် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးစွမ်းဆောင်မှုအပေါ် ယခင်နှစ်အလားတူကာလ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းထက်ပို၍ တိုးတက်ခဲ့စေခြင်း၏အဓိကအကြောင်းဖြစ်ပါသည်။ နှစ်ရှည် မြေငှားရမ်းမှုမှ ဝင်ငွေ တိုးတက်လာမှုအပြင် စက်ရုံငှားရမ်းမှုနှင့် ရေနှင့်လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများမှလည်း ဝင်ငွေများ တိုးတက်ရရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် ဇုန်အတွင်းရှိ နိုင်ငံတကာ စံချိန်စံညွှန်းမီ အခြေခံအဆောက်အအုံများ၊ တည်ငြိမ်သော လျှပ်စစ်ဓာတ်အား၊ ရှင်းလင်း၍ တိကျပြတ်သားသော မြေယာငှားရမ်း လုပ်ငန်းစဉ်များ၊ ဆိပ်ကမ်းနှင့် ထိစပ်နေမှု၊ အခွန်ကင်းလွတ်ခွင့်များနှင့် အစိုးရရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို တစ်နေရာတည်းတွင် အပြီးအစီး ဆောင်ရွက်နိုင်သည့် One

Stop Service Center များဖြင့် မြန်မာနိုင်ငံ စက်မှုဇုန်လောကတွင် အကောင်းဆုံး ဇုန်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်းကို စီမံအုပ်ချုပ်သူများမှ ယုံကြည်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ဆက်လက်အောင်မြင်နိုင်ရေးအတွက် ဇုန်ပတ်ဝန်းကျင်ဒေသများရှိ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနှင့်ဂျပန်နိုင်ငံ အစိုးရ နှစ်ဦးနှစ်ဖက်မှ ထောက်ပံ့မှုများသည်လည်း အဓိက ကျလျက်ရှိပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာမှုသည် ဥပမာအားဖြင့် ကျိုက်ခေါက်ဘုရားလမ်းအားတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် လမ်း၏အရည်အသွေးပိုမိုကောင်းမွန်လာခြင်းကြောင့် လမ်းပိတ်ဆို့မှုကို လျော့ချနိုင်ပြီး မြို့တွင်းသို့ အချိန်ကုန်သက်သာစွာ သွားလာနိုင်မည်ဖြစ်ခြင်း၊ လဂွန်းပြင် ရေလှောင်ကန်မှ ရေကိုရယူ၍ ရေသန့်စင်မှုအစီအမံများဖြင့် အနာဂတ်တွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့ဖြစ်ပါသည်။ ပဲခူးမြစ်ကို ဖြတ်လျက် လက်ရှိသန်လျင်တံတားနှင့်အပြိုင် တံတားအသစ်တစ်စင်းတည်ဆောက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်မည်ဟု ခန့်မှန်းထားကြပါသည်။ ယင်းကဲ့သို့သော ဆောင်ရွက်ချက်များကြောင့် ရှေ့လာမည့် နှစ်များတွင်လည်း သီလဝါအထူးစီးပွားရေးဇုန်အား စိတ်ဝင်စားမှုများမြင့်တက်လျက်ရှိမည်ဟု ခန့်မှန်းထားကြပါသည်။

သီလဝါ ပရောပါတီး ဒီဗလော့မန့်လီမိတက်၏ ဝင်ငွေသည် မြေယာငှားရမ်းခြင်း၊ နေအိမ်ဆိုင်ခန်း ရောင်းချခြင်းနှင့် ငှားရမ်းခြင်း၊ လုပ်သားအဆောင်ငှားရမ်းခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများမှ ဝင်ငွေများ ရရှိထားခြင်းဖြစ်ပါသည်။ မြေယာငှားရမ်းခြင်းမှ ရရှိသောဝင်ငွေသည် လျော့ကျလျက်ရှိသော်လည်း နေအိမ်ဆိုင်ခန်းရောင်းချခြင်းနှင့် ငှားရမ်းခြင်း၊ လုပ်သားအဆောင်ငှားရမ်းခြင်းတို့မှာ အလားအလာကောင်းများရှိလျက် ဖြစ်ပါသည်။ သီလဝါ ပရောပါတီး ဒီဗလော့မန့်လီမိတက်၏ စီမံခန့်ခွဲသူများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံ ဈေးကွက်ပြန်လည်ဦးမော့လာသည့်အချိန်အထိ သင့်တင့်စွာ ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်လျက်ရှိပါသည်။

မြန်မာသီလဝါ အက်စ်အီးဇက် ဟိုး(လ်)ဒင်း ပတ်ဘလစ်လီမိတက်သည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို သီလဝါ အထူးစီးပွားရေးဇုန်တွင် အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာချမှတ်နိုင်ရေးအတွက် ကုန်လွန်ခဲ့သည့် (၅) နှစ်တာ ကာလ အတွင်း အသိပညာများ၊ စွမ်းဆောင်ရည်များနှင့် ကျွမ်းကျင်မှုများကို ရယူ၍ အာရုံစိုက်ဆောင်ရွက်လျက် ရှိပါသည်။ အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူထားသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်အရ မြန်မာသီလဝါ အက်စ် အီး ဇက် ဟိုး(လ်)ဒင်း ပတ်ဘလစ်လီမိတက်အပေါ်ကန့်သတ်ထားသည့် စီးပွားရေးလုပ်ငန်းများကို ပယ်ဖျက်ခဲ့ပြီးဖြစ်ရာ ယခု အချိန်တွင် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုး(လ်)ဒင်း ပတ်ဘလစ်လီမိတက်သည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ပြင်ဆင်လျက်ရှိပြီး သီလဝါ အထူးစီးပွားရေးဇုန် အတွင်းတွင်သာမက ဇုန်၏ ပြင်ပတွင်ပါ ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိပါသည်။ မြန်မာသီလဝါ အက်စ် အီး ဇက် ဟိုး(လ်)ဒင်း ပတ်ဘလစ်လီမိတက်အနေဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ပင်လယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် မြစ်ကြီးနားစက်မှုဖွံ့ဖြိုးရေးဇုန်တို့တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် လေ့လာမှုများ လုပ်ဆောင်လျက်ရှိ ကြောင်းကို အသိပေးတင်ပြလိုပါသည်။ ထို့အပြင် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုး(လ်)ဒင်း ပတ်ဘလစ်လီမိတက်သည် သီလဝါအထူးစီးပွားရေးဇုန်အပေါ် ထပ်မံအားဖြည့်နိုင်သည့် ထောက်ပံ့ ပို့ဆောင်ရေး နှင့် သက်ဆိုင်သောစီးပွားရေး လုပ်ငန်းများကို လုပ်ဆောင်ရန်စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကောင်းမွန်သောဘဏ္ဍာရေးစွမ်းဆောင်ရည်ကို ဖော်ဆောင်နိုင်မည်ဟု စီမံအုပ်ချုပ်သူများမှမျှော်လင့် ယုံကြည်မှုရှိပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။